## ၂။ ဂုန်လျှော်ထွာကောင်စိမ်း

**Jute semi–looper : *Anomis sabulifera* (Guenée, 1852)**

**Lepidoptera: Noctuidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**



ဖလံကောင်ကြီးသည် မြေကြီးညိုရောင်ရှိပြီး အရှေ့တောင်ပေါ်တွင် အရောင်ရင့် အစက်အပြောက် နှင့် အစင်းကြောင်းများ ပါရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



ထိပ်ဖူးအရွက်များတွင် အပေါက်များ တွေ့နိုင်သည်။ ဆိုးရွားစွာကျရောက်ပါက အရွက်များမရှိသော ကိုင်းများကိုသာ တွေ့နိုင်သည်။ ဂုန်လျှော်အသီးတောင့်များပေါ်တွင် အပေါက်များ တွေ့နိုင်သည်။

**ဘဝစက်ဝန်း**

ဥ အဆင့် – (၂–၃ ) ရက်

လောက်ကောင် အဆင့် **– (၉ – ၁၆ )** ရက်

ရုပ်ဖုံး အဆင့် **– (၄–၈)** ရက်

အကောင်ကြီး အဆင့် **– (၄ – ၇ )**ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ရိတ်သိမ်းပြီးနောက် ထယ်ရေးနက်နက်ထိုး၍ မြေထဲရှိ ရုပ်ဖုံးများကို ဖျက်ဆီးပါ။

(၂) စိုက်ချိန် စောစောစိုက်ပါ။

(၃)သီးလှည့်စိုက်ပါ။

(၄)ဓာတ်မြေဩဇာကို အချိန်ကိုက် နှုန်းထားမှန်စွာ အသုံးပြုပါ။

(၅)ဖျက်ပိုးကျရောက်မှုကို ပုံမှန် ကင်းထောက်ပါ။

(၆) အပင်ထိပ်များအားဖြတ်ပေးပါ။

(၇) ထိသေ၊စားသေ (သို့) ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်း အတိုင်း ပက်ဖျန်းပါ။

- လန်မ်ဒါဆိုင်ဟေလိုသရင်(Lambda–cyhalothrin)
- အဆီဖိတ် (Acephate)
- ကလိုရမ်ထရမ်နီလီပရော (Chlorantraniliprole)